# ကယားပြည်နယ်၊

# ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

ကယားပြည်နယ်၊ ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း (၁) | အမည်၊ စတင်အာဏာတည်ခြင်း နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂) | ရည်ရွယ်ချက်များ | ၅ |
| ၄။ | အခန်း (၃) | ကုန်တင်ကုန်ချ ကော်မတီများ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း | ၆ |
| ၅။ | အခန်း (၄) | ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ | ၇ |
| ၆။ | အခန်း (၅) | ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေး ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း | ၁၃ |
| ၇။ | အခန်း (၆) | ကုန်တင်ကုန်ချကော်မတီရုံးအား ဖျက်သိမ်းခြင်း | ၁၅ |
| ၈။ | အခန်း (၇) | သက်သာချောင်ချိရေး ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း နှင့် စီမံခန့်ခွဲခြင်း | ၁၇ |
| ၉။ | အခန်း (၈) | တားမြစ်ချက်များ | ၁၈ |
| ၁၀။ | အခန်း (၉) | ပြစ်ဒဏ်များ | ၂၀ |
| ၁၁။ | အခန်း (၁၀) | အထွေထွေ | ၂၁ |

## ကယားပြည်နယ်၊ ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၁၇ )

## ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

## ( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကယားပြည်နယ်အတွင်း ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း၊ ကုန်တင်ကုန်ချကော်မတီရုံးများ ဖွင့်လှစ်တည်ထောင်ခြင်း လုပ်ငန်းရပ်များကို ဆောင်ရွက်ရန်နှင့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကယားပြည်နယ်၊ ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။



(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ကယားပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီ** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ ပြည်နယ်အတွင်းရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

( ဇ ) **မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံး** ဆိုသည်မှာ မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

( ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာ နယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်။

(ည) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး** ဆိုသည်မှာ ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်။



( ဋ ) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့်ဈေး စသည့်နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချ အလုပ်သမားများ၏ ကာယအားကိုအသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

( ဌ ) **ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်** ဆိုသည်မှာ ကုန်တင်ကုန်ချ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

( ဍ ) **မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင် ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

( ဎ ) **သက်သာချောင်ချိရေး ရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ယင်းတို့၏နေ့စဉ်လုပ်ခ ဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာချောင်ချိရေး ရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်နှင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချ လုပ်ငန်းများ စနစ်တကျ ရှိစေရန်၊

(ခ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ ဝန်ဆောင်မှု လုပ်ငန်းနှင့်ထိုက်တန်သောလုပ်ခ အပြည့်အဝ မှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင် သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင် အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင် စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။



## အခန်း (၃)

## ကုန်တင်ကုန်ချကော်မတီများ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါကော်မတီနှင့် ရုံးများကို ဖွဲ့စည်းရမည် -

(က) ပြည်နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံးများ၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီနှင့်ရုံးများ။

၅။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်နယ် ကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ကို ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့်အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးမှတဆင့် ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

## အခန်း (၄)

## ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ

၇။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချ လုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ သို့မဟုတ် အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးစေခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများ၏ သက်သာချောင်ချိရေး ရန်ပုံငွေနှင့်ငွေကြေး စာရင်းဇယားများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် လိုအပ်သလိုအရေးယူခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီများက ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊



(ဃ) ကုန်တင်ကုန်ချ အလုပ်သမားများအတွက် သက်ဆိုင်ရာဒေသနှင့်လိုက်လျောညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းဝန်ဆောင်မှုအတွက် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီ သတ်မှတ်သည့် လုပ်ခနှုန်းထားအခကြေးငွေ အပြည့်အဝရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(င) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့် လိုအပ်သောအမိန့်များ ထုတ်ပြန်ခြင်း၊

(စ) မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် စောင့်ရှောက်ရေးမှူး၊ လုပ်သားစုမှူးစသည့်ရာထူးများ ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လိုအပ်သည့်အမိန့်များထုတ်ပြန်ခြင်း၊

(ဆ) သက်ဆိုင်ရာ ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ရန် တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ လုပ်သားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများအား ကျေပွန်စွာ ထမ်းဆောင်ခြင်း ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့်လိုအပ်ပါက အရေးယူခြင်း၊

(ဇ) အလုပ်သမားအသစ်များ တိုးချဲ့ ခန့်ထားခြင်းနှင့် မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားအင်အား လျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံဝင် အလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များကို ကြီးကြပ်ခြင်းနှင့် လိုအပ်သည့်အမိန့်များ ထုတ်ပြန်ခြင်း၊

(ဈ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများအနက် တစ်ဦးချင်းက ဖြစ်စေ၊ အစုအဖွဲ့အလိုက် ဖြစ်စေ ၎င်းတို့၏နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်းနှင့် လိုအပ်သလိုဆောင်ရွက်ခြင်း၊



(ည) ကုန်တင်ကုန်ချ အလုပ်သမားများအား ခန့်အပ် တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဋ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆမှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျကြီးကြပ် ဆောင်ရွက်ပေးခြင်း၊

(ဌ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံ ခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဍ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းစေရေး အတွက် လုပ်ငန်းခွင် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း၊

(ဎ) မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ဥပဒေနှင့်အညီ ခန့်အပ်ထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဈ) လုပ်ငန်းဌာနခွဲအလိုက် လုပ်ငန်းခွင် ကြီးကြပ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်စစ်ဆေးခြင်း၊

( ခ ) မြို့နယ်အတွင်းတွင် ကုန်တင်ကုန်ချ လုပ်ငန်းများ၌ မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျ ရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်း၊

( ဂ ) အနည်းဆုံး မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမား အင်အားနှင့် အများဆုံး မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားအင်အား သတ်မှတ်ချက်၊ ကရုဏာကြေး သတ်မှတ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊



(ဃ) ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ် သမားများအတွက် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပါ သတ်မှတ်ထားသည့် လုပ်ခနှုန်းထားသတ်မှတ်ချက်ထက် ကာလ၊ ဒေသ၏ ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေမည့် အခကြေးငွေ တိုးမြှင့်ရန် လိုအပ်လာပါက ဒေသအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်ညှိနှိုင်းပြီး သင့်လျော်သည့် ကုန်တင်ကုန်ချ ဝန်ဆောင်ခများကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရန် တင်ပြခြင်း၊

( င ) မြို့နယ် ကုန်တင်ကုန်ချရုံး၏ လက်အောက်ရှိ သက်ဆိုင်ရာ နယ်မြေတစ်ခုအတွင်းရှိ လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရန် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( စ ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ ယခင်ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် အမိန့်များအရ လုပ်ကိုင်လျက်ရှိသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီ ရုံးမှတဆင့် ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ် များတွင် ကုန်တင်ကုန်ချလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား (၁၀)ဦးနှင့်အထက်ရှိပြီး တစ်နှစ် အတွင်း အလုပ်ချိန်ကာလ အနည်းဆုံး (၄)လရှိသည့် ကုန်တင်ကုန်ချ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် စတင်လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်း၊ ဈေး၊ ပွဲရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်နှင့် ဘူတာရုံများ စသည့် အများပြည်သူသွားလာရေးဆိုင်ရာ နေရာ ဌာနများရှိ ပုဂ္ဂလိက အဖွဲ့အစည်းများက ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊



(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင် သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေး၊ လေလံရကူးတို့ဆိပ်နှင့် သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ လုပ်ငန်းလုပ်ကိုင်နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက တာဝန်ယူ ဆောင်ရွက်လျက် ရှိသော ပစ္စည်းသယ်ယူပို့ဆောင်သည့် ဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချ လုပ်ငန်း လုပ်ကိုင်နေသည့် ဌာနနှင့်အဖွဲ့အစည်းများ၊

၁၁။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ပုဒ်မ ၁၀ အရ လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီ၏တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ ကုန်တင်ကုန်ချ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် ဝန်ကြီးဌာန၏စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအဖြစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ ဝန်ကြီးဌာနသည် ထုတ်ပေးထားသော ခွင့်ပြုချက်ကို လုံလောက်သော အကြောင်းတစ်ရပ်ရပ်ရှိပါက သတ်မှတ်ကာလ မတိုင်မီ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

## ကုန်တင်ကုန်ချကော်မတီရုံးအား ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော်မတီရုံး တစ်ခုခုသည် လမ်းပန်းဆက်သွယ်မှု အခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့ရလျှင်ဖြစ်စေ အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၁၅။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး ဝန်ကြီးဌာနသို့တင်ပြ၍ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခြင်းပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၅ အရ ဖျက်သိမ်းခွင့်ရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေး ရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပြီး ဖျက်သိမ်းရမည်။



၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးသည် စာရင်းရှင်းလင်း ဖျက်သိမ်းပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီရုံးသို့ အစီရင်ခံ တင်ပြရမည်။

၁၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား ဝန်ကြီးဌာနမှတဆင့် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)

## သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ် ရေးကော်မတီရုံးသည် မိမိလက်အောက်ရှိ လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းဌာနခွဲများတွင် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေး ရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရန် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေး ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချ လုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေး ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသည့် သတ်မှတ်ထားသော တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။



## အခန်း (၈)

## တားမြစ်ချက်များ

၂၂။ မည်သူမျှ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

( ခ ) မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

( ဂ ) မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့်ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာ ရန်ပုံငွေမှထုတ်ပေးရန် ပျက်ကွက်ခြင်း၊

၂၃။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်း သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော ကုန်တင်ကုန်ချလုပ်ငန်း၏ ဝန်ဆောင်မှု အခကြေးငွေထက်ပို၍ အများပြည်သူထံမှ အခကြေးငွေ တစ်စုံတစ်ရာ ပိုမိုတောင်းခံခြင်း၊

( ခ ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

၂၄။ မည်သူမျှ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ လွှဲအပ်တာဝန်ပေးအပ်ချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ ဆောင်ရွက်မှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။



## အခန်း (၉)

## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၈။ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီသည် ကုန်တင်ကုန်ချ လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက် သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခ နှင့် အခြားအခကြေးငွေများကို လိုအပ်သလို သတ်မှတ်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်အဖွဲ့အစည်းကိုမဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုလွှဲအပ် တာဝန်ပေးခြင်း ခံရသူက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ခွင့်ရှိသည်။

၃၀။ ယခင်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံသို့ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၁။ ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ ယခင်က ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။



၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို လည်းကောင်း၊ ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီသည် အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ခင်မောင်ဦး

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့